# Family Tax Benefit

Family Tax Benefit သည် အပိုင်း 2 ပိုင်းဖြင့်ပေးသည့် ထောက်ပံ့ကြေးဖြစ်ပြီး ကလေးထိန်းကျောင်းသည့်ကုန်ကျစရိတ်ကို သက်သာစေရန် အထောက်အကူပြုသည်။

Family Tax Benefit Part A ကို ကလေးတစ်ဦးချင်းအတွက် ပေးသည်။ သင် ရရှိသည့်ငွေမာဏသည် သင့်မိသားစု၏ ဝင်ငွေနှင့် အခြေအနေများအပေါ် မူတည်သည်။

အကယ်၍ ကလေးတစ်ဦးသည် အသက် 1 နှစ်မပြည့်မီ သင့် စောင့်ရှောက်မှုအောက် ရောက်လာလျှင် သို့မဟုတ် သင် ကလေး မည်သည့်အရွယ်ကိုမဆို မွေးစားထားလျှင် သင် Family Tax Benefit Part A ကို တိုးမြှင့်ပေးမှု ယာယီ ရနိုင်သည်။ ၎င်းကို Newborn Upfront Payment and Newborn Supplement ဟုခေါ်သည်။

Family Tax Benefit Part B ကို တစ်ဦးတည်း မိဘ၊ မိဘ-မဟုတ်သော စောင့်ရှောက်သူ (ဥပမာ- အဖိုးအဖွား၊ မွေးစားမိဘ နှင့် ဆွေမျိုးတော်စပ်သည့် စောင့်ရှောက်သူများ) နှင့် အဓိက ဝင်ငွေရှာသူ 1 ဦးတည်းရှိသည့် စုံတွဲများအား အပိုပံ့ပိုးမှုအဖြစ် ပေးသည်။ သင် ရရှိသည့်ငွေပမာဏသည် သင့် မိသားစု ဝင်ငွေနှင့် သင့် အငယ်ဆုံးကလေး၏ အသက်အရွယ်အပေါ် မူတည်သည်။

အကယ်၍ သင် ကလေးစောင့်ရှောက်မှုကို ဝေမျှ၍ စောင့်ရှောက်လျှင် သင်သည် Family Tax Benefit အချို့ကို ရနိုင်သည်။ သင့်အနေဖြင့် ကလေးစောင့်ရှောက်မှုကို အနည်းဆုံး အချိန်အတိုင်းအတာ၏ 35% စောင့်ရှောက်ပေးရန် လိုအပ်သည်။

## ရထိုက်ခွင့်

**Family Tax Benefit Part A**

အကယ်၍ သင်သည် အောက်ပါအခြေအနေရှိသည့် မှီခိုကလေးကို စောင့်ရှောက်နေရလျှင် သင် Family Tax Benefit Part A ကိုရနိုင်သည်-

- အသက် 15 နှစ်အရွယ်ထက် ငယ်ရွယ်သူ၊ သို့မဟုတ်
- အသက် 16 မှ 19 နှစ် အရွယ်ဖြစ်သည့် အပြင်
    - လက်ခံနိုင်လောက်သော ပညာသင်ကြားမှု အတိုင်းအဆရှိသည့် 12 တန်း သို့မဟုတ် ညီမျှသည့် ပညာအရည်အချင်းသို့ ဦးတည်မည့် အသိအမှတ်ပြုသင်တန်းတွင် အချိန်ပြည့် ပညာသင်နေသူ သို့မဟုတ်
    - ပညာသင်ရမည့် သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ကို ခွင့်ပြုခံရသူ

- ○ မိမိကိုယ်ပိုင်အခွင့်အရေးအရ ဝင်ငွေထောက်ပံ့ကြေး ရရှိမနေသူ။

အကယ်၍ သင်သည် Family Tax Benefit Part A ကို အသက် 16 နှစ်မှ 19 နှစ်အထိအရွယ် မှီခိုကလေးအတွက် ရနိုင်လျှင် ၎င်းတို့ အသက် 19 နှစ်ပြည့်သည့် ပြက္ခဒိန်နှစ် မဆုံးမချင်း အကယ်၍ ၎င်းတို့အနေဖြင့် အထက်ပညာရေးကို အချိန်ပြည့် ဆက်လက်သင်ကြားနေလျှင် သို့မဟုတ် ပညာသင်ရန် သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ရလျှင် ၎င်းငွေကို ရနိုင်သည်။

## Family Tax Benefit Part B

သင်သည် စုံတွဲမှတစ်ဦးဖြစ်ပြီး အကယ်၍ အသက် 13 နှစ်အောက်အရွယ် မှီခိုကလေးကို စောင့်ရှောက်လျှင် သင်သည် Family Tax Benefit Part B ကို ရနိုင်သည်။

သင်သည် တစ်ဦးတည်း မိဘ သို့မဟုတ် စောင့်ရှောက်သူ၊ အဖိုးအဖွား သို့မဟုတ် အဘိုးအဘွားအဖြစ် စောင့်ရှောက်ပေးသူဖြစ်လျှင် အောက်ပါအခြေအနေရှိသည့်ကလေးကို စောင့်ရှောက်ပေးနေရလျှင် သင်သည် Family Tax Benefit Part B ကို ရနိုင်သည်-

- အသက် 16 နှစ်အရွယ်ထက် ငယ်ရွယ်သူ၊ သို့မဟုတ်
- အသက် 18 နှစ်ပြည့်သည့် ပြက္ခဒိန်နှစ် မဆုံးမချင်းအချိန်အထိ အချိန်ပြည့် အထက်တန်းကျောင်းသား သို့မဟုတ် ပညာသင်ရန် သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ရသူ၊ ထို့ပြင်
- မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေးအရ ဝင်ငွေထောက်ပံ့ကြေး မရရှိနေသူ။

အသက် 16 နှစ်မှ 19 နှစ်အရွယ် ကလေးများအတွက် အိမ်၌ပညာသင်ကြားပေးခြင်း အများစုသည် Family Tax Benefit ရရန်သတ်မှတ်ချက်များကို မကိုက်ညီပါ။

## ကာကွယ်ဆေးထိုး သတ်မှတ်ချက်များ

အကယ်၍ သင့်ကလေးသည် ကာကွယ်ဆေးထိုး သတ်မှတ်ချက်များနှင့် မကိုက်ညီပါက ကျွန်ုပ်တို့အနေဖြင့် Family Tax Benefit Part A နှုန်းထားကို လျှော့ချနိုင်သည်။

ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/immunisation** ကြည့်ရှုပါ။

## အကယ်၍ သင် Family Tax Benefit Part A နှင့် ဝင်ငွေအကူထောက်ပံ့ကြေး ရရှိနေလျှင်

အကယ်၍ သင့်ကလေးသည် အသက် 4 နှစ်ပြည့်လာနေပြီဖြစ်လျှင် ၎င်းတို့ ကျန်းမာရေး စစ်ဆေးချက်ကိုလုပ်ရန် လိုအပ်နိုင်သည်။ ကျန်းမာရေး စစ်ဆေးချက် မလုပ်ပါက ၎င်းတို့၏ Family Tax Benefit Part A နှုန်းထားကို လျှော့ချနိုင်သည်။ သင့် ကလေး ကျန်းမာရေး စစ်ဆေးချက် လုပ်ပြီးကြောင်း ကလေး၏ 5th မွေးနေ့ မတိုင်မီ ကျွန်ုပ်တို့အား ပြောပြရန်လိုအပ်သည်။ အကယ်၍ သင် မပြောပြပါက

သို့မဟုတ် သင့် ကလေး ကျန်းမာရေး စစ်ဆေးချက်ကို မလုပ်ပါက Family Tax Benefit Part A နှုန်းထားကို လျှော့ချနိုင်သည်။

လျှော့ချလိုက်သည့် နှုန်းထားမှာ ၎င်းတို့၏ အသက် 5th မွေးနေ့တွင်စတင်လျှော့ချမည်ဖြစ်ပြီး နှစ်ပတ်တစ်ကြိမ်ဖြစ်သည့် 26 ကြိမ်လုံးလုံးအထိဖြစ်သည်။ ၎င်းကို သင့်အနေဖြင့် Family Tax Benefit Part A ရရှိမည့် ကာလကို အခြေခံထားခြင်းဖြစ်သည် သို့မဟုတ် သင်နှင့် သင့်ကြင်ဖော်ဖက် ဝင်ငွေအကူထောက်ပံ့ကြေး ရမည့်ကာလကို အခြေခံထားခြင်းဖြစ်သည်။

## နေထိုင်ရာနေရာ သတ်မှတ်ချက်များ

Family Tax Benefit Part A နှင့် Part B ရရှိနိုင်ရန်အတွက် သင်သည် နေထိုင်ရာနေရာ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

သင်သည် ဩစတြေးလျနိုင်ငံတွင် နေထိုင်လျက်ရှိနေရမည့်အပြင်
- ဩစတြေးလျနိုင်ငံသား ဖြစ်စေ
- အမြဲနေထိုင်သူ ဗီဇာ ကိုင်ဆောင်သူဖြစ်စေ
- Special Category Visa ကိုင်ဆောင်သူဖြစ်စေ သို့မဟုတ်
- အချို့ ယာယီ ဗီဇာ ကိုင်ဆောင်သူဖြစ်စေ ၊ ဥပမာ Partner Provisional သို့မဟုတ် Temporary Protection ဗီဇာ ဖြစ်ရပါမည်။

သင်ကလေးသည်လည်း နေထိုင်ရာနေရာ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် သို့မဟုတ် သင်နှင့်အတူနေထိုင်ရမည့်အပြင် သင့်အနေဖြင့် ဤငွေကို ရရှိနေသမျှကာလပတ်လုံး နေထိုင်ရာနေရာ သတ်မှတ်ချက်များနှင့် ဆက်လက်ကိုက်ညီနေရမည်။

အကယ်၍ သင်၏ အမြဲတမ်း နေထိုင်ခွင့်ဗီဇာကို 1 January 2019 နောက်ပိုင်း ခွင့်ပြုလိုက်ပါက သင် Family Tax Benefit Part A မရရှိမီ ဩစတြေးလျနိုင်ငံ၌ စုစုပေါင်း အနည်းဆုံး 1 နှစ် ကိုယ်တိုင်ကိုယ်ကျ နေထိုင်နေရမည်ဖြစ်သည်။

သင့်အနေဖြင့် Newly Arrived Resident’s Waiting Period ကို အောက်ပါအနက် တစ်ခုနှင့် သက်ဆိုင်လျှင် စောင့်ဆိုင်းရန် မလိုအပ်နိုင်ပါ-
- သင်သည် ဩစတြေးလျနိုင်ငံသား ဖြစ်သည်

- သင်သည် နယူးဇီလန်နိုင်ငံကူးလက်မှတ်ဖြင့် ရောက်ရှိလာခဲ့သည် (ဥပမာ- Special Category Visa ကိုင်ဆောင်ခဲ့သည် သို့မဟုတ် ကိုင်ဆောင်ထားသည်)
- သင်သည် ဒုက္ခသည် ဖြစ်သည် သို့မဟုတ် ယခင် ဒုက္ခသည်ဖြစ်ခဲ့သည်
- သင်သည် သီးခြား ဗီဇာ အမျိုးအစားခွဲ တစ်ခု ကိုင်ဆောင်ထားသည် သို့မဟုတ် ယခင်က ကိုင်ဆောင်ခဲ့သည်
- သင်သည် ဒုက္ခသည်၊ ယခင် ဒုက္ခသည်၊ သို့မဟုတ် လူသားချင်းစာနာသောနောက်ခံမှ ရွှေ့ပြောင်းအခြေချသူ တစ်ဦး၏ ကြင်ဖော်ဖက် ဖြစ်သည့်အပြင် ဩစတြေးလျနိုင်ငံသို့ရောက်ရှိလာခဲ့ချိန်၌ အဆိုပါလူ၏ ကြင်ဖော်ဖက် ဖြစ်သည်။
- သင်သည် လူမှုလုံခြုံရေး ထောက်ပံ့ကြေး၊ လူမှုလုံခြုံရေး ပင်စင်၊ Parental Leave Pay, Dad and Partner Pay သို့မဟုတ် Farm Household Allowance တို့ကို လက်ခံရရှိနေသည်
- သင်သည် 1 January 2019 နေ့ရက် မတိုင်မီ Family Tax Benefit ရခွင့်ရှိသည့် ဗီဇာတစ်ခုကို ခွင့်ပြုခံရသည်။

အကယ်၍ သင် Family Tax Benefit Part B ကို ရခွင့်ရှိလျှင် ဤငွေကို သင် Family Tax Benefit Part A အတွက် Newly Arrived Resident's Waiting Period အတောအတွင်း ရရှိနိုင်ပါသည်။

## Child support နှင့် Family Tax Benefit

အကယ်၍ သင် ယခင် အိမ်ထောင်မှ ရသည့်ကလေးအတွက် Family Tax Benefit ကို တောင်းခံနေလျှင် Family Tax Benefit Part A အခြေခံ နှုန်းထားထက် ပိုမိုလက်ခံရရှိနိုင်စေရန်အတွက် child support ကိုတောင်းခံရန် သင့်တော်သလို ဆောင်ရွက်ရမည်။

အကယ်၍ သင် child support မတောင်းခံနိုင်ပါက သင် ကျွန်ုပ်တို့အား အသိပေးသင့်သည်။ အချို့ကိစ္စများတွင် သင် လူမှုရေးဝန်ထမ်းတစ်ဦးနှင့် စကားပြောဆိုရန် လိုအပ်နိုင်သည်။

အကယ်၍ သင်သည် Family Tax Benefit ကို ရရှိနေသည့်အပြင် သင် သို့မဟုတ် သင့်ကြင်ဖော်ဖက်သည် child support ကို ရရှိနေသည် သို့မဟုတ် ပေးနေရသည်ဆိုပါက သင်၏ child support ကို Family Tax Benefit ငွေအား ကျွန်ုပ်တို့ တွက်ချက်သည့်အခါ ထည့်သွင်း စဉ်းစားပေးပါမည်။ အကယ်၍ သင့်ကလေး စောင့်ရှောက်မှုကို ဝေမျှ စောင့်ရှောက်ရသည်ဆိုလျှင် သင်၏ စောင့်ရှောက်မှု ရာခိုင်နှုန်းကို ကျွန်ုပ်တို့ တွက်ချက်ပေးမည့်အပြင် ၎င်းကို သင် ရရှိနိုင်သည့် Family Tax Benefit နှင့် child support ငွေပမာဏကို တွက်ချက်ရာ၌ အသုံးချတွက်ချက်ပါမည်။

# တောင်းခံခြင်း

သင့်အနေဖြင့် Family Tax Benefit ကို နှစ်ပတ်တစ်ခါဖြစ်စေ သို့မဟုတ် နှစ်စဉ် တစ်လုံးတစ်ခဲတည်းဖြစ်စေ ရယူရန် တောင်းခံနိုင်သည်။ အလွယ်ကူဆုံးတောင်းခံရန် နည်းလမ်းမှာ အွန်လိုင်းမှဖြစ်သည်။

အွန်လိုင်းမှ တောင်းခံရန် သင် myGov စာရင်းနှင့် Centrelink အွန်လိုင်း စာရင်း လိုအပ်သည်။ သင်၏ myGov စာရင်းကို Centrelinkစာရင်းနှင့် ချိတ်ဆက်ထားရမည်။

သင့်တွင် myGov စာရင်း မရှိသေးပါက စာရင်းဖွင့်ရန် ဝက်ဘ်ဆိုက် **my.gov.au** ဆောင်ရွက်ပါ။

နှစ်စဉ် တစ်လုံးတစ်ခဲတည်း တောင်းခံငွေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး 12 လ အတွင်း တင်သွင်းရမည်။

သင် Family Tax Benefit ကို နှစ်ပတ်တစ်ကြိမ် ရယူလိုလျှင် သင့်အနေဖြင့် ဘဏ္ဍာရေးနှစ် တစ်နှစ်စီ အစဦးပိုင်း၌ သင်၏ မိသားစု ဝင်ငွေကို ခန့်မှန်းတွက်ချက်ရန် လိုအပ်သည်။ ဤခန့်မှန်းခြေကို အဆိုပါနှစ် မည်သည့်အချိန်တွင်မဆို myGov မှတစ်ဆင့် သင်၏ Centrelink အွန်လိုင်း စာရင်းကို အသုံးပြုခြင်းဖြင့် ပြင်ဆင်ပေးနိုင်သည်။

သင် နောက်ထပ်လိုအပ်မည်မှာ-

- သင်နှင့် သင့်ကြင်ဖော်ဖက်သည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး 12 လအတွင်း အခွန်ရှင်းတမ်းကို တင်သွင်းရမည်။ ထို့နောက် Australian Taxation Office သည် သင်နှင့် သင့်ကြင်ဖော်ဖက်၏ ဝင်ငွေကို အတည်ပြုပေးပါလိမ့်မည်၊ သို့မဟုတ်
- ဘဏ္ဍာရေးရေးနှစ် ကုန်ဆုံးပြီး 12 လအတွင်း အခွန်ရှင်းတမ်း တင်သွင်းရန် သင် မလိုအပ်ပါက ကျွန်ုပ်တို့ကို ပြောပြပါ။

# သင်၏ Family Tax Benefit ကို တွက်ချက်စာရင်းညှိပေးခြင်း

သင် Family Tax Benefit နှစ်ပတ်တစ်ကြိမ် ရသည့်အခါ ဘဏ္ဍာရေးနှစ် တစ်နှစ်စီအတွက် မိသားစုဝင်ငွေကို သင့်အား ကျွန်ုပ်တို့ ခန့်မှန်းခိုင်းသည်၊ ဘဏ္ဍာရေးနှစ်မှာ 1 July နေ့ရက်တွင် စတင်သည်၊ သို့မှသာ ကျွန်ုပ်တို့ ဘဏ္ဍာရေးနှစ်အတွင်း သင့်အား Family Tax Benefit မည်မျှပေးရမည်ကို တွက်ချက်နိုင်မည်ဖြစ်သည်။

June 30 နေ့ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် တစ်နှစ်စီ ကုန်ဆုံးပြီးနောက် သင့် ထောက်ပံ့ငွေကို ကျွန်ုပ်တို့ တွက်ချက်စာရင်းညှိရပါသည်။ ဆိုလိုသည်မှာ သင့် ခန့်မှန်းခြေအပေါ် အခြေခံပြီး ကျွန်ုပ်တို့ ပေးလိုက်သည့် Family Tax Benefit ပမာဏကို ဘဏ္ဍာရေးနှစ်အတွက် သင့် အမှန်တကယ် ဝင်ငွေအပေါ် အခြေခံပြီး သင် ရသင့်သည့် ထောက်ပံ့ကြေးပမာဏနှင့် နှိုင်းယှဉ်ကြည့်ပါသည်။

အကယ်၍ သင် ရခဲ့သည့် Family Tax Benefit ပမာဏမှာ သင် ရသင့်သည့် ပမာဏနှင့် အတူတူ မဖြစ်သည့်ကိစ္စ၌ ကျွန်ုပ်တို့ သင့်အား အသိပေးပါမည်။

သင့် ဝင်ငွေကို ပမာဏ ပိုမိုပြီးခန့်မှန်းခဲ့လျှင် သင် ရထိုက်သည်ထက် Family Tax Benefit ပမာဏ ပိုမိုနည်းပြီး လက်ခံရရှိခဲ့နိုင်သည်။ ဤသို့ဖြစ်လျှင် သင် နောက်ထပ်ဖြည့်ပြီး ရရှိနိုင်သည်။ သင့် ဝင်ငွေကို ပမာဏ ပိုနည်းပြီးခန့်မှန်းခဲ့လျှင် သင် ရထိုက်သည်ထက် ပမာဏ ပိုမိုများ၍ လက်ခံရရှိခဲ့နိုင်ပြီး သင် ပြန်လည်ပေးဆပ်ရနိုင်သည်။

ဤသို့ တွက်ချက်စာရင်းညှိပေးနေစဉ် ကျွန်ုပ်တို့ သင် ရထိုက်သည့် Family Tax Benefit Part A နှင့် Family Tax Benefit Part B အပိုဆောင်းပေးငွေ ရခွင့်ကို စိစစ်ပေးပါမည်။ သင် ရထိုက်လျှင် ကျွန်ုပ်တို့ သင့်အတွက် အလိုအလျောက် ထည့်ပေးပါမည်။

# ပိုမိုသိရှိရန်

- အင်္ဂလိပ်ဘာသာစကားဖြင့် ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/ftb** တွင် ကြည့်ရှုပါ
- သင့်ဘာသာစကားဖြင့် အချက်အလက်များ ကြည့်ရှုရန်၊ နားထောင်ရန် သို့မဟုတ် ဖတ်ရှုရန် **servicesaustralia.gov.au/yourlanguage** သို့ ဝင်ရောက်ပါ
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ
- ဖုန်း **132 011** ကို Medicare အတွက်နှင့် ဖုန်း **131 272** ကို Child Support အတွက် ဆက်ပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်
- ဝန်ဆောင်ဌာန တစ်ခုသို့ သွားရောက်ပါ။

မှတ်ချက်- သင့်အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို '13' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်နှုန်းမှာ မြို့တွင်းဖုန်းခေါ်နှုန်းနှင့် ကွဲပြားနိုင်သည်၊ တယ်လီဖုန်း ကုမ္ပဏီအချင်းချင်းအကြားတွင်လည်း ကွဲပြားနိုင်သည်။ သင့်အိမ်ဖုန်းမှ '1800' နံပါတ်များသို့

ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်တိုင်းတာထားပြီး ပိုမိုကြီးမြင့်သော နှုန်းဖြင့် ကျသင့်နိုင်သည်။

## တာဝန်မယူ ငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များ သည် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထား လိုမလို နှင့် သင်၏ သီးခြား အခြေအနေများအပေါ်မူတည်၍ လျှောက်လွှာတင်သွင်း လိုမလို ဆုံးဖြတ်ရန် သင့်တာဝန်သာဖြစ်သည်။

# Family Tax Benefit

Family Tax Benefit is a 2 part payment that helps with the cost of raising children.

Family Tax Benefit Part A is paid for each child. The amount you get depends on your family's income and circumstances.

If a child enters your care before they turn 1, or you adopt a child of any age, you may get a temporary increase to your Family Tax Benefit Part A. This is called Newborn Upfront Payment and Newborn Supplement.

Family Tax Benefit Part B gives extra help to single parents, non-parent carers (such as grandparents, foster and kinship carers) and couples with 1 main income earner. The amount you get will depend on your family income and the age of your youngest child.

If you share the care of a child, you may be able to get some Family Tax Benefit. You need to have care of the child for at least 35% of the time.

## Eligibility

**Family Tax Benefit Part A**
You may be eligible for Family Tax Benefit Part A if you care for a dependent child who is:

- younger than 15 years of age, or
- 16 to 19 years of age, and
  - undertaking full-time education in an approved course leading towards a year 12 or equivalent qualification with an acceptable study load, or
  - has been granted an exemption from study requirements; and
  - is not receiving an income support payment in their own right.

If you are eligible for Family Tax Benefit Part A for a dependent child aged 16 to 19 years of age, it can be paid until the end of the calendar year in which they turn 19 years of age, if they continue in full-time secondary study or are exempt from the study requirements.

**Family Tax Benefit Part B**
If you are a member of a couple, you may be eligible for Family Tax Benefit Part B if you have care of a dependent child younger than 13 years of age.

If you are a single parent or carer, grandparent or great-grandparent carer, you may be eligible for Family Tax Benefit Part B if you care for a child who is:

- younger than 16 years of age, or
- a full-time secondary student or exempt from the study requirements, up until the end of the calendar year in which they turn 18 years of age, and
- not receiving an income support payment in their own right.

In most cases home schooling for children 16 to 19 years of age does not meet study requirements for Family Tax Benefit.

**Immunisation requirements**

If your child does not meet the immunisation requirements, we may reduce your rate of Family Tax Benefit Part A.

Go to **servicesaustralia.gov.au/immunisation** for more information.

**If you are receiving Family Tax Benefit Part A and an income support payment**

If your child is turning 4, they may need to have a health check. If they do not, your Family Tax Benefit Part A rate may reduce. You need to tell us your child has had a health check before the child's 5th birthday. If you do not tell us, or if your child does not have a health check, your Family Tax Benefit Part A payment rate may reduce.

The reduced rate will start on their 5th birthday and continue for up to 26 fortnights. This is based on how long you got Family Tax Benefit Part A, and you or your partner got an income support payment.

## Residence requirements

To be eligible for Family Tax Benefit Part A and Part B, you must meet residence requirements.

You must be living in Australia and either:
- have Australian citizenship
- hold a permanent visa
- hold a Special Category Visa, or
- hold a certain temporary visa type, for example a Partner Provisional or Temporary Protection visa.

Your child must also meet the residence requirements or be living with you and you must continue to meet the residence requirements for as long as you get this payment.

If your permanent visa is granted on or after 1 January 2019, you must be living and physically residing in Australia for a period or periods that total at least 1 year before you can get Family Tax Benefit Part A.

You may not have to serve a Newly Arrived Resident's Waiting Period if one of the following applies, you:
- are an Australian citizen
- arrived on a New Zealand passport (i.e, held or hold a Special Category Visa)
- are a refugee or former refugee
- hold or previously held a specific visa subclass

- are the partner of a refugee, former refugee or humanitarian migrant, and were the partner of that person at the time they arrived in Australia
- are in receipt of a social security benefit, social security pension, Parental Leave Pay, Dad and Partner Pay or Farm Household Allowance
- were granted a visa allowing eligibility for Family Tax Benefit before 1 January 2019.

If you are eligible for Family Tax Benefit Part B, you can get this while you are serving the Newly Arrived Resident's Waiting Period for Family Tax Benefit Part A.

## Child support and Family Tax Benefit

If you are claiming Family Tax Benefit for a child from a previous relationship, you must take reasonable action to get child support in order to receive more than the base rate of Family Tax Benefit Part A.

If you are not able to apply for child support, you should let us know. In some cases you may need to speak to a social worker.

If you get Family Tax Benefit and you or your partner get or pay child support, we will consider your child support when we calculate your Family Tax Benefit payment. If you share the care of your child, we will work out your percentage of care and use this to calculate how much Family Tax Benefit and child support you are eligible for.

## Claiming

You can choose to get Family Tax Benefit fortnightly, or as an annual lump sum. The easiest way to claim is online.

To make a claim online you need a myGov account and a Centrelink online account. Your myGov account must be linked to Centrelink.

If you do not have a myGov account, go to **my.gov.au** to create one.

Annual lump sum claims must be submitted within 12 months of the end of the financial year.

If you choose to get Family Tax Benefit fortnightly, you need to estimate your family income at the start of each financial year. You can update this estimate any time during the year using your Centrelink online account through myGov.

You also need to:

- make sure you and your partner lodge tax returns within 12 months of the end of the financial year. The Australian Taxation Office will then confirm the income for you and your partner, or
- tell us if you are not required to lodge a tax return within 12 months of the end of the financial year.

## Balancing your Family Tax Benefit

When you get Family Tax Benefit fortnightly, we ask you to estimate your family income for each financial year, which begins on 1 July, so we can work out how much Family Tax Benefit to pay you over the financial year.

After the end of each financial year, which finishes on 30 June, we balance your payment. This means we compare the amount of Family Tax Benefit we paid you based on your estimate, against how much you should have received based on your actual family income for that financial year.

If the amount of Family Tax Benefit you got is not the same as the amount you should have received, we will let you know.

If you overestimated your income, you may have received less Family Tax Benefit than you were eligible for. If this happens, you may receive a top-up payment. If you underestimated your income, you may have been paid too much and may need to pay it back.

We will check your eligibility for Family Tax Benefit Part A and Family Tax Benefit Part B supplements during the balancing process. If you are eligible, we will pay it to you automatically.

## For more information

- Go to **servicesaustralia.gov.au/ftb** for more information in English
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language
- Call **131 202** to speak with us in your language about Centrelink payments and services
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free
- Visit a service centre.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

### Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.